# TMH Telecom Public Company Limited ၏ ၂၀၁၉-၂၀ခုနှစ် ဘဏ္ဍာရေးစာရင်းရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည်TMH Telecom Public Company Limited ၏ ၂၀၂၀ခုနှစ်၊ စက်တင်ဘာ(၃၀)ရက်နေ့တွင်ကုန်ဆုံးသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေး ရှင်းတမ်းများကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ကြေငြာချက်ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများ နှင့် အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။ ငွေကြေးဖော်ပြချက်အားလုံးသည် မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အားအောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) သို့ ပြောင်းလဲခဲ့ခြင်းကြောင့် ကုမ္ပဏီ၏ဘဏ္ဍာရေးနှစ်ကိုလည်း ၂၀၁၉ခုနှစ်၊ ဧပြီလ (၀၁)ရက် မှ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ထိ (၆)လတာကာလကို (၂၀၁၉) ဘဏ္ဍာရေးနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ယခုနှစ် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်သည် ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ (၀၁) ရက် မှ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ထိ (၁၂)လတာကာလကို ကိုယ်စားပြုပါသည်။ ထို့ကြောင့် ဘဏ္ဍာရေးနှစ်နှစ်ခု၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် ဘဏ္ဍာရေးနှစ်(၂)ခု၏ ကွာခြားချက်မှာ ၆ လ တာကာလ နှင့် ၁ နှစ် တာကာလ ဖြစ်သည်ကို သတိပြုရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြချက်များ

ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ် ဖော်ပြချက် (ကျပ်ထောင်ပေါင်း)

| | FY 2019-20<br>Ks' 000 | FY 2019<br>Ks' 000 | % Change |
|---|---|---|---|
| Revenue | 5,628,880 | 2,968,196 | 89.6% |
| Cost of Goods Sold | (3,166,327) | (1,501,064) | 110.9% |
| **Gross Profit** | **2,462,553** | **1,467,132** | **67.8%** |
| Other Income | 330,327 | 288,572 | 14.5% |
| **Expense** | **(2,118,817)** | **(1,359,854)** | **55.8%** |
| Profit Before Tax | 674,064 | 395,849 | 70.3% |

**Address : No. 54, Eastern Business Centre,Level 5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: www.tmhtelecom.com**

| | | | |
|---|---|---|---|
| Tax Expense | (134,813) | (79,169) | 70.3% |
| **Net Profit After Tax** | **539,251** | **316,679** | **70.3%** |
| Fair value adjustment of Investments | (17,325) | 32,340 | -153.6% |
| Total Comprehensive Income | 521,926 | 349,019 | 49.5% |

| | | | |
|---|---|---|---|
| Basic EPS (MMK) | 42 | 25 | 70.3% |

ယခုနှစ် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် (အောက်တိုဘာ ၂၀၁၉- စက်တင်ဘာ ၂၀၂၀) ၏ ဝင်ငွေသည် ကျပ်(၅.၆)ဘီလီယံ ရရှိခဲ့ရာ ယခင်နှစ် (၂၀၁၉) (ဧပြီ ၂၀၁၉- စက်တင်ဘာ ၂၀၁၉) ကထက် ကျပ်(၂.၆)ဘီလီယံ ပိုမိုရရှိခဲ့ပါသည်။ အခြားဝင်ငွေသည် ယခင်ဘဏ္ဍာရေးနှစ်ထက် (၁၄.၅)ရာခိုင်နှုန်း ပိုမိုရရှိလာခြင်းမှာ အဓိကအားဖြင့် အတိုးရငွေသည် ယခင်ဘဏ္ဍာရေးနှစ်ကထက် ပိုရရှိသောကြောင့်သာ ဖြစ်ပါသည်။

ဝင်ငွေခွန် မဆောင်မီအမြတ်သည် ယခင် ဘဏ္ဍာရေး နှစ် (၂၀၁၉) တွင် ကျပ်(၀.၄)ဘီလီယံ ရရှိခဲ့ပြီး ယခု ဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀) တွင် ကျပ်(၀.၇)ဘီလီယံ ရရှိခဲ့သည့်အတွက် ယခင်နှစ် ကထက်(၇၀.၃)ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ဖိုင်ဘာကေဘယ်လ်သွယ်တန်းခြင်းမှ ဝင်ငွေသည် ယခင်နှစ်ထက် များလာခြင်းကြောင့် အမြတ်ငွေပိုမိုရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဤအချက်များကြောင့် ကုမ္ပဏီ၏ ဝင်ငွေခွန်ဆောင်ပြီး အသားတင်အမြတ်သည် ယခုဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀) တွင် ကျပ်(၀.၅)ဘီလီယံ ရရှိခဲ့ပါသည်။

ရှယ်ယာစုတစ်စု၏ ဝင်ငွေသည် ယခင်(၂၀၁၉)ဘဏ္ဍာရေးနှစ် (ဧပြီ ၂၀၁၉ - စက်တင်ဘာ ၂၀၁၉) တွင် (၂၅)ကျပ်ရရှိခဲ့ရာမှ ယခု (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် (အောက်တိုဘာ ၂၀၁၉ - စက်တင်ဘာ ၂၀၂၀) တွင် (၄၂)ကျပ် ရရှိခဲ့ပါသည်။

ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| Assets | FY 2019-2020<br>Ks' 000 | FY 2019<br>Ks' 000 | % Change |
|---|---|---|---|
| Total Non-Current Assets | 3,862,319 | 3,903,955 | -1.1% |
| Total Current Assets | 13,497,449 | 13,396,159 | 0.8% |
| **Total Assets** | **17,359,767** | **17,300,114** | **0.3%** |
| **Equity & Liabilities** | | | |
| Total Equity | 16,260,081 | 15,827,361 | 2.7% |
| Total Liabilities | 1,099,686 | 1,472,752 | -25.3% |
| **Total Equity & Liabilities** | **17,359,767** | **17,300,114** | **0.3%** |

ကုမ္ပဏီ၏လက်ငင်းရပိုင်ခွင့် သည် ယခု ဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀) တွင် ၀.၈% တိုးလာခဲ့ပါသည်။ ထိုသို့ တိုးလာရခြင်းမှာ ကြိုတင်ငွေပေးချေမှုများနှင့် ငွေသားတန်ဖိုးလက်ကျန်များကြောင့် ယခင်နှစ်ထက် အနည်းငယ်ပို လာခဲ့ပါသည်။ လက်ငင်းမဟုတ်သောရပိုင်ခွင့်သည် ယခုဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀) တွင် (၁.၁) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းခဲ့ခြင်းမှာ ကုမ္ပဏီ၏အခြားရင်းနှီးမြှုပ်နှံမှုရှိ ရှယ်ယာတန်ဖိုးများကို ကာလတန်ဖိုးနှင့် အညီ ပြန်လည်တန်ဖိုးသင့်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ယခု ဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀) တွင် လက်ငင်းပေးရန်တာဝန် လျော့ကျသွားသည့် အကြောင်းရင်းမှာ လုပ်ငန်းဆောင်ရွက်သူများထံမှ ကြိုတင်ရရှိထားသောငွေများအား ယခုကာလတွင် ဝင်ငွေအဖြစ် သတ်မှတ်၍ ပြောင်း လဲစာရင်း ရေးသွင်း ထားသောကြောင့် ယခုကဲ့သို့ ပေါ်ပေါက်ရခြင်း ဖြစ်ပါသည်။

**Address : No. 54, Eastern Business Centre,Level 5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: www.tmhtelecom.com**

## သုံးသပ်ချက်နှင့်အလားအလာ

ကုမ္ပဏီ ၏ ဒါရိုက်တာအဖွဲ့သည် Covid-19 ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်းတွင် လူထုအတွင်း ဆက်သွယ်မှုကွန်ယက် ပြတ်တောက်သွားခြင်းမရှိစေပဲ လုပ်ငန်းများပုံမှန် လည်ပတ်နေစေရန်အတွက် စီမံခန့်ခွဲရေး အဖွဲ့နှင့် စဉ်ဆက်မပြတ် ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြေညာချက်များကို လိုက်နာလျက် အထူးသဖြင့် ကျွန်ုပ်တို့၏ ဝန်ထမ်း များနှင့် ဖယ်သူသူများ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် လိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိပါသည်။

Covid-19 ကပ်ရောဂါပျံ့နှံ့မှုသည် ကမ္ဘာတဝှမ်းရှိ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုရှိနေပြီး အဆိုပါ အကျိုးသက်ရောက်မှုသည် မြန်မာနိုင်ငံနှင့် TMH ကုမ္ပဏီအပေါ်တွင်လည်း ချွင်းချက်မရှိ အကျိုးသက်ရောက်မှု ရှိစေပါ သည်။ အဆိုပါအခြေအနေသည် ကုမ္ပဏီ၏စီမံကိန်းအသစ်တခုဖြစ်သော ၂၀၂၀ခုနှစ် ၊ ဩဂုတ်လ ၃၁ရက်နေ့တွင် စာချုပ်ထပ်မံပြင်ဆင်ချုပ်ဆိုခဲ့သည့် နမ့်ခိုင်ရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အတားအဆီး များ ဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော်လည်း ဒါရိုက်တာအဖွဲ့သည် အခြေအနေများပြန်လည်ကောင်းမွန်လာသောအခါ လုပ်ငန်းများစတင်နိုင်ရန်အတွက် အဆင်သင့်ဖြစ်အောင် ကြိုတင်ဆောင်ရွက်ထားပါသည်။ ယခုကူးစက်ရောဂါ ကာလ အတွင်း လုပ်ငန်းလည်ပတ်မှုတွင် အချို့သော ဆိုးကျိုး သက်ရောက်မှုများရှိသော်လည်း ကူးစက်ရောဂါကာလအတွင်း အင်တာနက်အသုံးပြုမှု မြင့်တက်လာခြင်းကြောင့် ကျွန်ုပ်တို့၏ တွဲဖက်ကုမ္ပဏီဖြစ်သော Myanmar GT Broadband Company မှ အင်တာနက်ဖယ်ယူသုံးစွဲမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၈၀% အထိ အသုံးပြုသူ ဦးရေ တိုးတက်လာခြင်းကဲ့သို့သော ရလဒ်ကောင်းများကို ရရှိလာစေပါသည်။

နောက်ဆုံးအနေဖြင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏အကျိုးသက်ဆိုင်သူများအားလုံး၏ အကျိုးစီးပွားကို ကာကွယ်နိုင်စေရန်နှင့် ကုမ္ပဏီ၏ရေရှည်မဟာဗျူဟာမြောက်တိုးတက်မှုကို သေချာစေရန်အတွက် ဆုံးရှုံးနိုင်ခြေများ ကို ပြန်လည်သုံးသပ်ခြင်း နှင့် စောင့်ကြည့်ခြင်း တို့ကို လုပ်ဆောင်လျက်ရှိသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၀ခုနှစ် ၊ ဒီဇင်ဘာလ (၄)ရက်။